www.burmeseclassic.com

# အင်တာနက်လက်ဆောင်

## အချစ်ကဗျာများ(၃)



မိုးနုပ်(စ်)

www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချိရေး
စံလှစာပေတိုက်
အမှတ်(၁၈၀)၊ (၂၉)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၂၄၆၆၂၁

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၂၀၃၃၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၂၀၀၅၁၀၈၁၀

**ထုတ်ဝေသူ**

ဦးချစ်ညွန့် (ဇင်ရတနာစာပေ) (မြဲ-၀၄၀၀၄)

အမှတ် (၂၀၅)၊ က/၄ လမ်း၊ မြို့သစ် (က+ခ)ရပ်ကွက်၊

အင်းစိန်၊ ရန်ကုန်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျင်ရင် (၀၅၄၁၇)၊ ရွှေခြသေ့ပုံနှိပ်တိုက်

၂၂၅၊ အခန်း-၂၊ ၃၁-လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။

**ထုတ်ဝေခြင်း**

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၅၀၀) ကျပ်

၈၀၈.၈၁

ဗိုးနပ်(စ်)

အင်တာနက်လက်ဆောင် အချစ်ကဗျာများ (၃) /ဗိုးနပ်(စ်)။- ရန်ကုန်

စိန်သရဖူစာပေ၊ ၂၀၁၀။

၁၁၂ - စာ ၊ ၁၀ × ၁၆ စင်တီ။

(၁) အင်တာနက်လက်ဆောင် အချစ်ကဗျာများ (၃)


www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


၁၁။ အင်တာနက်သူငယ်ချင်း

၁၂။ ကဗျာဆန်ဆန်နာမည်လေး

၁၃။ ခွင့်လွှတ်ဖို့ သိပ်ခက်ခဲ

၁၄။ အင်တာနက်သတင်းထူးလေး

၁၅။ ဝမ်နင်လေးကြိုပေးပါ

၁၆။ မသိချင်ယောင်ဆောင်သူရေ

၁၇။ သံသယဖြစ်ခွင့် လုံးဝမရှိ

၁၈။ အားလုံးက...အူခြာခြာ

၁၉။ အပြောင်းအလဲမရှိနိုင်

၂၀။ တို့အချစ်က...ဒီလိုမျိုးနော်

၂၁။ အချစ်စစ်ရဲ့စာမျက်နှာ

၂၂။ သိတာက...တစ်ခုတည်း

၂၃။ အမုန်းတုနဲ့အပြုံးတု

၂၄။ အချစ်စစ်စစ်ဆိုတာ...

၂၅။ ဒီလိုမျိုး...လုပ်ရက်သလား

၂၆။ အဆုံးမဲ့စိတ်ကူးယဉ်ကဗျာ

၂၇။ မဆန်းတဲ့ဇာတ်လမ်းပါ

၂၈။ ဖြစ်မြဲသဘောကဲ...


**မိုးနစ်(စ)**

www.burmeseclassic.com

www.burmeseclassic.com




၂၉။ မေတ္တာတွေ ပို့သဝေ

၃၀။ ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့

၃၁။ နင့်ကိုပဲ...

၃၂။ ကောင်မလေးအကြောင်း

၃၃။ အသက်တောင်တိုနိုင်တယ်

၃၄။ ဖေဒင်မေးဖို့မလိုပါ

၃၅။ ကြယ်ရောင်မဲ့ညရဲ့ကဗျာ

၃၆။ အချစ်ငယ်ကျွန်

၃၇။ နောင်တမဲ့ ဒုတိယချစ်ခြင်း

၃၈။ ဖြေကြည့်ပါ...ချစ်သူ

၃၉။ နင်က...မကြားနိုင်

၄၀။ သိမှသိပါလေစ

၄၁။ ဒီလိုပဲ...ပြောတတ်သလား

၄၂။ အရာရာကျော်ဖြတ်ရဲတယ်

၄၃။ ညတိုင်း...အိပ်မပျော်နိုင်

၄၄။ အမိန့်က...ပြင်းထန်လွန်း

၄၅။ ရင်ဘတ်ထဲက...ချစ်ခြင်းမိုး

၄၆။ ကံတရားပါ ချစ်သူ

၄၇။ ထာဝရအတွက်ပါ...




www.burmeseclassic.com

www.burmeseclassic.com




၄၈။ ထားရစ်ချင်လို့...ထားခဲ့မှတော့

၄၉။ အပြစ်လည်းမမြင်ချင်

၅၀။ ဝေး...ဝေး...ဝေး...

၅၁။ အားလုံးကို...မေ့

၅၂။ နှောင်တရခြင်းအကြောင်းရင်း

၅၃။ သိပ်ကြောက်တဲ့...အလွမ်း

၅၄။ လေတံခွန်လို နလုံးသား

၅၅။ ခဏလေး ခွဲမနေနိုင်

၅၆။ ယုံနိုင်ပါ့မလား

၅၇။ သော့ခတ်လို့ သိမ်းထားမယ်

၅၈။ ချစ်ခြင်း၏ သစ်သီးတစ်လုံး

၅၉။ သိပ်ကြောက်နေတဲ့ အထီးကျန်ခြင်း

၆၀။ သင့်အတွက်...ထာဝရ

၆၁။ အပြုံးတစ်ခုရဲ့စွမ်းအား

၆၂။ ရူးနေတာလား

၆၃။ တံခါးပိတ်ထားသည်

၆၄။ ဆူးထိမှ အဆိပ်ရှိမှန်းသိ

၆၅။ တောင်းပန်ပါတယ်...တောင်းပန်ပါတယ်...

၆၆။ ဘယ်လိုများ ဆက်ရှင်သန်


စိုးနုစံ

www.burmeseclassic.com

www.burmeseclassic.com



၆၇။ အသစ်ပြောင်းရမလား
၆၈။ တိတ်တခိုးည
၆၉။ အသက်ဆက်မျှော်လင့်ချက်
၇၀။ မေတ္တာအကြောင်း
၇၁။ ကြိုက်သလိုလုပ်ပါ
၇၂။ ပန်းဆိုတာမျိုးက
၇၃။ မယုံဘူးလား...
၇၄။ အမုန်းရှင်ရဲ့ မာနလက်နက်
၇၅။ ဆက်ပြီး...နားလည်ပေးနေမယ်
၇၆။ သစ္စာချစ်ကဗျာ
၇၇။ အချစ်လက်သီးပုန်းလေး
၇၈။ ချစ်သူများရဲ့နေဝင်ချိန်
၇၉။ ဆုတောင်းချင်တာက...
၈၀။ ကြိုသိလို့များ ကြိုပြောထားခဲ့တာလား
၈၁။ သူငယ်ချင်းလေးရေ...
၈၂။ ပြောချင်သလိုပြောပါ
၈၃။ အူကြောင်ကြောင်မဖြစ်ချင်
၈၄။ ကျေနပ်နိုင်သူပါ
၈၅။ သူမ ပြုံးပြနေပြီ



www.burmeseclassic.com

www.burmeseclassic.com



၈၆။ လက်တွဲတော့ မဖြုတ်စေချင်
၈၇။ အချစ်က...ဒီလိုမျိုးလား
၈၈။ အပြန်အလှန်အချစ်
၈၉။ မုန်းမိမှာစိုး
၉၀။ နေရာတိုင်း...မင်းအမိန့်
၉၁။ အသည်းကွဲမီးတောက်
၉၂။ သူငယ်ချင်းအဖြစ်ပဲကောင်းပါတယ်
၉၃။ အချစ်တု
၉၄။ မခင်ချင်တော့ဘူး မိုးရာသီရယ်
၉၅။ ထာဝရချစ်ကဗျာ
၉၆။ အချစ်အဲဒါ...အဲဒါအချစ်
၉၇။ ရက်စက်ခြင်းနဲ့ဟန်ဆောင်ခြင်း
၉၈။ အရှူးအမူးမျှော်လင့်
၉၉။ မချစ်တတ်သူမဟုတ်ခဲ့ကြောင်း
၁၀၀။ အပိုဆုက...အလွမ်း
၁၀၁။ တိုးတိတ်လွမ်းခွင့်
၁၀၂။ ရင်ထဲမှာ...
၁၀၃။ အနာဂတ်ရဲ့ချစ်ခြင်း
၁၀၄။ မရိပ်မိဘူးလား

[illegible]

www.burmeseclassic.com

www.burmeseclassic.com




၁၀၅။ ကယ်တော်မူကြပါ

၁၀၆။ စတေးခဲ့တဲ့အချစ်

၁၀၇။ ရင်ခုန်သံတစ်မျိုး

၁၀၈။ ပျံသန်းသွားပေါ့...ငှက်ကလေး

၁၀၉။ အချစ်ရှုံးရဲ့အလွမ်း

၁၁၀။ ဘာမှ...ဂရုမစိုက်နိုင်

၁၁၁။ မှတ်မိရဲ့လားကွယ်

၁၁၂။ မင်းရဲ့အသံလေးက...




www.burmeseclassic.com

www.burmeseclassic.com



❤ အင်တာနက်သူငယ်ချင်း

**Hi**နဲ့ အစချီလို့နှုတ်ဆက်...
လူခြင်းမမြင်ဖူးကြပေမယ့်...
ခင်မင်ခြင်းကအပြည့်အနက်...
သံယောဇဉ်ဆိုတဲ့စကားလုံးနဲ့...
ဆန်းပြားတဲ့ဒိုင်ယာလော့တွေ...
အဲဒီရဲ့...နောက်ကွယ်မှာတော့
မာယာနဲ့ပြက်ရယ်ပြုမှုတွေ...
ပျော်ရွှင်စရာပါရောထွေးနေလို့...
တစ်နေ့မထိုင်ရ မနေနိုင်တဲ့...
**Internet Access** လေ။



မီးနှစ်စစ်

www.burmeseclassic.com

www.burmeseclassic.com



## ကဗျာဆန်ဆန်နာမည်လေး

သူ့မျက်နှာမမြင်ရပေမယ့်...
သူ့ရဲ့...ရင်ခုန်သံတွေ
သူ့ရဲ့...ဖွင့်ဆိုချက်တွေ
သူ့ရဲ့...**Idea**တွေ
သူ့ရဲ့...**Flow**တွေ
သူ့ရဲ့...**Message**တွေ
အားလုံးက...တို့အတွက်ကြည်နူးစရာ
ကဗျာဆန်ဆန်နာမည်ပေးလိုက်မယ်...
တို့နှစ်ယောက်ရဲ့...**CHAT**ကမ္ဘာ။



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ဖို့ သိပ်ခက်ခဲ

ရှိုးသားစွာဖွင့်ဟလို့...
အချက်တစ်ချက်ကို...
ပွင့်လင်းစွာ ဝန်ခံချင်တယ်။
Rဇာနည်ဆိုခဲ့တဲ့သီချင်းက...
"ခွင့်ပြုတယ်၊ခွင့်လွှတ်တယ်"
ငါကိုယ်တိုင်ကတော့...
ရက်စက်ရိုင်းစိုင်းခဲ့တဲ့နင့်ကို...
သံပေတံနဲ့ရိုက်ပစ်ချင်တယ်...
အက်ဆစ်နဲ့တို့လိုက်ချင်တယ်...။





www.burmeseclassic.com

www.burmeseclassic.com



## ❤ အင်တာနက်သတင်းထူးလေး

ချစ်ခြင်းမေတ္တာမိုးစက်များ
သွင်ဖြိုးစွေရွာသွန်းနေသည့်...
နှလုံးသား၏ရပ်ဝန်းအတွက်
ခံစားကြော်ငြာချက်တစ်ခုအား...
အင်တာနက်မှထုတ်ပြန်လိုက်သည်။
မေတ္တာအစစ်ချစ်တတ်သူများ...
သစ္စာစစ်မှန်မဖေါက်ပြန်သူများ...
မိုးရွာနေခိုက်  မိုးရေခံဖို့...
မေတ္တာရေတံလျှောက်ဖြင့်...
ဝင်ရောက်  ဖြည့်ခံကြပါရန်။





www.burmeseclassic.com

www.burmeseclassic.com



♥ ဝမ်နင်လေး ကြိုပေးပါ

ကိုယ်သိပ်သိပ်ချစ်တဲ့…
မင်းတစ်ယောက်ဆီမှာသာ…
ရှားရှားပါးပါးရှာဖွေတွေ့နိုင်တဲ့…
ဂန္ဓဝင်မြတ်နိုးခြင်းများနဲ့…
တော်ဝင်နှုးညံ့ကြင်နာခြင်း၊
အစားထိုးလို့မရနိုင်သလို…
အသစ်ရှာဖို့မဖြစ်နိုင်သမို့၊
ချစ်သူရေ…မချစ်နိုင်လို့
ပစ်ခွာမုန်းတော့မယ်ဆိုရင်…
"ဝမ်နင်"တစ်လကြိုပေးနော်။



မီးနှဖြ

www.burmeseclassic.com

www.burmeseclassic.com



## မသိချင်ယောင်ဆောင်သူရေ

တို့နှလုံးသားထဲက...
အချစ်ပင်ဆူးတစ်နွယ်...
မင်းနှလုံးသားထဲထိ...
ပိုင်ရှင်မသိအောင်ခိုးဝင်...
အချစ်ဆူးလေးချိတ်မိနေပြီ။
ဘာလဲကွယ်...
မသိချင်ယောင်ဆောင်နေတာလား။
အဟား • •အချိန်နှောင်းသွားပြီဟော့၊
သန်စွမ်းသန့်စင်အချစ်သစ်ပင်က...
မင်းရဲ့ရင်မှာ...ရှင်သန်နေပြီနော်။





www.burmeseclassic.com

www.burmeseclassic.com



## သံသယဖြစ်ခွင့် လုံးဝမရှိ

ချစ်သူရေ...မင်းအနေနဲ့
လမင်းလေးမှာကိုယ်ပိုင်အလင်းမရှိတာ...
သံသယဖြစ်ချင် ဖြစ်ခွင့်ရှိတယ်။
နေမင်းကြီးအချိန်ပြည့်ရွေ့လျားနေတာ...
သံသယဖြစ်ချင် ဖြစ်ခွင့်ရှိတယ်။
တစ်ခုတော့...သေချာမှတ်ထား
ကိုယ်ကမင်းကိုသိပ်ချစ်တာ...
ကိုယ့်အသက်ထက်မြတ်နိုးတာ...
သံသယဖြစ်ခွင့်...လုံးဝမရှိ။





www.burmeseclassic.com

www.burmeseclassic.com

## အားလုံးက . . အူခြာခြာ

ချစ်သူ...မင်းမရှိတဲ့အခါ
နေမင်းကြီးကအူခြာခြာ...
အလင်းရောင်ထွက်မလာ။
လမင်းလေးကအူခြာခြာ...
တစ်ခြမ်းပဲ့ကြီးပုံမလာ။
ငှက်လေးတွေကအူခြာခြာ...
တေးသီချင်းမဆိုကြပါ။
အရာရာအားလုံးအဓိပ္ပါယ်မဲ့...
အချီးနှီးနဲ့ဖြစ်နေလိုက်တာ...
အဲဒါ...အဲဒါ...ငါ့ရဲ့ကမ္ဘာ။





www.burmeseclassic.com

www.burmeseclassic.com

## အပြောင်းအလဲမရှိနိုင်

အသက်ရှင်နေသမျှ...
ကိုယ့်ရဲ့နှလုံးသားက...
တခြားလူတစ်ယောက်...
ဘယ်တော့မှ...ပြောင်းချစ်မှာမဟုတ်။
ဘယ်လောက်ချောလို့...ဘယ်လိုတော်နေစေ၊
ဘယ်လိုရဲရင့်လို့...ဘယ်လောက်ချမ်းသာနေ၊
အရည်အချင်းနဲ့ အရည်အသွေးမလို။
ကိုယ်ရွေးချယ်ပြီးပြီပဲလေ...
နောက်တစ်ယောက်ဆိုတာက...
ကိုယ့်ဘဝအတွက် မလိုအပ်။



မီးနှပ်(စ)

www.burmeseclassic.com

www.burmeseclassic.com



## တို့အချစ်က . . ဒီလိုမျိုးနော်

ကိုယ့်နှလုံးသားဟာ...
ထိရှရှနဲ့ပွန်းပဲ့သွားတတ်တဲ့...
ပန်းနုဖတ်ကလေးတစ်ပွင့်လို...
သိပ်ကိုနူးညံ့သိမ်မွေ့လှပေမယ့်...
အဲဒီနှလုံးသားနုနုလေးက...
တစိမ့်စိမ့်ထွက်အံ့ကျလာတဲ့...
ချစ်ခြင်းစွမ်းအားတွေကတော့...
သံမဏိတံတိုင်းကြီးတွေနဲ့...
ဟန့်တားဆီးလို့မရနိုင်အောင်...
သိပ်ကို...သန်စွမ်းခိုင်မာတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



## အချစ်စစ်ရဲ့စာမျက်နှာ

အချစ်ရဲ့စာမျက်နှာမှာ...
တစ်ဦးနဲ့တစ်ဦးကြည့်နေရင်း...
ပျော်ရွှင်မှုတွေ ပေါက်ဖွားတယ်။
တစ်ဦးကိုတစ်ဦးကြင်နာနိုင်ဖို့...
စိတ်ထဲမှာ အမြဲတွေးနေတယ်။
ခွဲခွာဖို့၊ ကွဲကွာဖို့ဆိုတဲ့...
ရှုံမှန်းစရာစကားလုံးတွေ...
စာမျက်နှာပေါ်မှာ...လုံးဝမရှိ။
အဲဒါကို...အချစ်စစ်ခေါ်ပါ၏။



ဗီးနုဂါဗါ

www.burmeseclassic.com

www.burmeseclassic.com



သိတာက . . တစ်ခုတည်း

မင်းမျက်ဝန်းလေးတွေနဲ့…
ဆုံတွေ့ခြင်းခဏမှာပဲ…
ငါ့ရဲ့ကမ္ဘာမြေကြီးဟာ…
အသွင်ပြောင်းလို့သွားပြီ။
နွေအခါ…နေအပူမရှိ၊
ဆောင်းရဲ့…နှင်းစက်မရှိ၊
မိုးသည်း…ရေမှုန်မရှိ၊
ဘာမှမရှိ၊ ဘာမှမသိ၊
မင်းကို…ချစ်တာပဲသိ၏။



www.burmeseclassic.com

www.burmeseclassic.com



## အမုန်းတုနဲ့အပြုံးတု

အနမ်းမွှေးမွှေးကို...
နှုတ်ခမ်းအေးအေးနဲ့...
မျက်စောင်းလာမထိုးနဲ့။
နှုတ်ဖျားနုနုလေးရဲ့...
အမုန်းစကားလုံးတွေကို...
ရပ်တန့်နိုင်ဖို့ကြိုးစား။
သဘာဝတရားက...
ဖန်တီးပေးထားတဲ့...
လက်နက်ဆန်းတွေ။
သိရဲ့လား...အပြုံးတုနဲ့အမုန်းတု။



စိုးနှမြမြ

www.burmeseclassic.com

www.burmeseclassic.com



## အချစ်စစ်စစ်ဆိုတာ . .

အချစ်ဆိုတာမျိုးဟာ...
သိပ်ကို...ဝမ်းနည်းစရာကောင်းပါတယ်။
အချစ်ဆိုတာမျိုးဟာ...
သိပ်ကို...ဆိုးရွားမှုတွေပေးတတ်ပါတယ်။
အချစ်ဆိုတာမျိုးဟာ...
သိပ်ကို...ရူးသွပ်မူးဝေစေနိုင်ပါတယ်။
ဒါပေမယ့်...သူငယ်ချင်းရေ
အချစ်စစ်စစ်ရဲ့အရသာကတော့...
အချိုပြင်းလွန်းတဲ့သကြားလုံးထဲက...
ခါးသီးလွန်းတဲ့ အဆိပ်ခဲလေးတစ်ခဲ။



www.burmeseclassic.com

www.burmeseclassic.com



## ဒီလိုမျိုး . . လုပ်ရက်သလား

ဘယ်လို...နားလည်ရမှာလဲ။
မင်းကိုယ်တိုင်ပေးထားခဲ့တဲ့...
စံပယ်ဖြူဖြူပန်းလေးတွေ။
မင်းနဲ့အတူလျှောက်လှမ်းခဲ့တဲ့...
စိန်ပန်းကြွေလမ်းလေးတွေ။
မင်းသိပ်ကြည်နူးပျော်ရွှင်ခဲ့တဲ့...
မိုးရေထဲပြေးဆော့တာတွေ။
အဲဒီအဖြစ်အပျက်တွေအားလုံး...
မပီဝေသီနေတဲ့အိမ်မက်တွေထဲ...
ဝိုးတဝါးနဲ့ချန်ထားရက်ခဲ့ပြီလား။



မိုးနဂါ(စ)

www.burmeseclassic.com

www.burmeseclassic.com



## အဆုံးမဲ့စိတ်ကူးယဉ်ကဗျာ

မင်းနဲ့ငါ...နှစ်ယောက်လုံး
ကောင်းတာမှန်သမျှ...
ဝေမျှခံစား...ပြီးပြည့်စုံစေမယ်။
မင်းနဲ့ငါ...နှစ်ယောက်လုံး
ဆိုးရွားတာမှန်သမျှ...
တူမျှရင်ဆိုင်...ဖြေရှင်းနိုင်ရမယ်။
မင်းနဲ့ငါ...နှစ်ယောက်လုံး
ချစ်စရာမှန်သမျှ...
ချစ်ခွင့်ပိုင်နိုင်...ဆုံးသက်တိုင်စေမယ်။



www.burmeseclassic.com



မဆန်းတဲ့ဇာတ်လမ်းပါ

အသိုက်ပျောက်တဲ့ငှက်ငယ်က...
အသိုက်ပြန်ဆောက်တာဆန်းနေလား။
အိမ်မက်နဲ့သက်ပြင်းမောတွေကြား...
လူးလားခေါက်တုံ့သွားနေရ...
သရုပ်ဆောင်သိပ်မကောင်းတဲ့
အချစ်ဇာတ်ရုပ်လေးတစ်ရုပ်...
အချစ်ဇာတ်ရုပ်လေးတစ်ရုပ်နဲ့...
လောကဇာတ်ခုံမှာ ပြန်ကပြတော့မယ်။
အဲဒါကရော...ဆန်းနေသလားကွယ်။





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မြဲသဘောက . .

ဘယ်အချိန်...
ဘယ်ကာလ...
စခဲ့,စခဲ့...
ဒီကနေ့ထိ...
မပြောင်းလဲတာက...
အထက်ကအောက်...
စီးဆင်းတဲ့ရေနဲ့...
အချစ်ဟုခေါ်သော...
ထူးဆန်းချိုမြအလှအပ။





www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာတွေ ပို့သဝေ

နှစ်ဦးချိန်ခါ…
ရင်ခုန်ရှုယ်စူး…
အချစ်ဦးကို…
ယုယမြတ်နိုး…
အကြင်နာမိုး…
မေတ္တာရနံ့ထူး…
ကြိုင်လှိုင်ဖူးစေ…
ချစ်ခြင်းရနံ့တွေ…
သင်းဝေပျံ့စေ။



မီးနဂါ[ဂ]

www.burmeseclassic.com

www.burmeseclassic.com

## ဘာကြောင့်ပါဖြစ်ဖြစ်ပေါ့

စွဲလန်းတပ်မက်ခြင်းများ...
ရင်ထဲကလှိုင်းဂယက်...
သိအောင်ပြန်ပြောပြဖို့...
အတော်လေးခက်နေပြီ။
မိန်းကလေးဘက်က...
"ချစ်တာကိုဖွင့်ပြောခွင့်မရှိ"
ဒီလိုဥပဒေသတစ်ခု...
ဘယ်သူများချမှတ်ခဲ့တာလဲ။
ဘာကြောင့်ပဲဖြစ်ဖြစ်...
ဆက်တော့...ချစ်နေမယ်နော်။




အင်တာနက်ဆက်ဆောင် အချစ်ကဗျာများ [၃]

www.burmeseclassic.com

www.burmeseclassic.com

နှင့်ကိုပဲ . .

ညဉ့်အမှောင်ထုအောက်...
တစ်ယောက်တည်းငါ့ကို...
အဝေးကကြယ်လေးတွေ...
လှောင်ပြောင်နေကြပြီ။
ဒါပေမယ့်ကွယ်...
နှင့်ကိုလွမ်းနေတဲ့စိတ်တွေ...
ဘယ်လိုမှမတွန်းလှန်နိုင်လို့...
ကြယ်လေးတွေကိုငါမမုန်း...
နှင့်ကိုပဲ မုန်းလိုက်မိတယ်။



— စိုးနှမ်(စ)

www.burmeseclassic.com

www.burmeseclassic.com



## ကောင်မလေးအကြောင်း

အဲဒီကောင်မလေးဟာ...
မနက်ဖြန်ဆိုတာကိုမယုံကြည်သူ...
လေးဖြူရဲ့ရော့(ခ်)သီချင်းကြိုက်သူ...
ရီးယဲအသင်းက "ဒိုလေး" ပရိသတ်...
စိတ်ကောက်ဖို့အားမနာတတ်သလို
စိတ်ပြေဖို့လည်း ဝန်မလေးပြန်ဘူး။
တစ်ခါတလေ...ခပ်တည်တည်
တစ်ခါတလေ...ပြီတီတီနဲ့ပေါ့။
ဘယ်လိုပဲဖြစ်ဖြစ်...
သူ့ကို...ကျွန်တော်ချစ်တယ်။


www.burmeseclassic.com

www.burmeseclassic.com



အသက်တောင်တိုနိုင်တယ်

ဝေးနေကြရပေမယ့်...
စိတ်အာရုံမှာထပ်ဟပ်နေတာ...
ချစ်သူလေးရဲ့ပုံရိပ်တွေပါ။
ပြန်ဆုံကြမယ့်အချိန်လေးကို...
ဝင်သက်ထွက်သက်တိုင်းမှာ...
မပြတ်တမ်းသတိရမိနေလို့...
အသက်ရှူဖို့တောင် တို့ကြောက်နေ။
ချစ်သူရေ...
တို့အသက်မှရှည်ပါ့မလား ဟင်။



မီးနှမ(စံ)

www.burmeseclassic.com

www.burmeseclassic.com



❤ မေဒင်မေးဖို့မလိုပါ

မင်းကလေး...
ဘေးနားမှာရှိတဲ့အချိန်...
နူးညံ့နွေးထွေးမှုတွေကြား...
တိမ်းညွတ်လို့မသွားအောင်...
စိတ်ကိုအခါခါထိန်းပေမယ့်...
ရင်ထဲမှာတစ်ဒိန်းဒိန်းခုန်လို့...
နှလုံးသားက...ပန်းလိုကြွေ။
မေဒင်မမေးဘဲသိလိုက်ပြီ...
အဲဒါ...မင်းကိုသိပ်ချစ်လို့။






www.burmeseclassic.com

www.burmeseclassic.com



## ကြယ်ရောင်မှိန့်ညရဲ့ကဗျာ

ချစ်သူရေ...
အားမငယ်တတ်ပေမယ့်...
သတိရစိတ်နဲ့မှန်းဆ...
အိပ်လို့မရမှန်းသိရဲ့လား။
လရောင်မဲ့သာတဲ့ညဥ့်နက်...
ကြယ်ရောင်လေးမထွက်ချိန်...
သီချင်းလေးတွေအဖော်ပြုလို့...
သံစဉ်ချို ငိုသံထွက်အောင်...
ဂစ်တာအို အသံကုန်တီး...
ချစ်သူကို တမ်းတညည်းမိတယ်။



စိုးနှစ်(စ)

www.burmeseclassic.com



❤ အချစ်ငယ်ကျွန်

သိက္ခာတွေအရည်ပျော်…
မာနတွေချောင်ထိုးလို့…
မရှိုးနိုင်တဲ့အိမ်မက်တွေထဲ…
အိပ်မောကျလို့ပျော်ရွှင်နေ။
အိမ်မက်ကလန့်မနိုးအောင်…
အခါခါပဲကြိုးစားနေမိတယ်။
အိပ်မက်ရဲ့ကွန်ယက်ထဲမှာ…
ငယ်ကျွန်လေးတစ်ဦးအဖြစ်…
ပျော်မွေ့နေချင်သေးလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## နောင်တမဲ့ ဒုတိယချစ်ခြင်း

ချစ်ခြင်းရဲ့နောင်တများ…
အလူးအလဲခံစားနေရင်း…
အချစ်စစ်စစ်ချစ်သူကို…
ငတ်မွတ်တောင့်တနေတဲ့…
အချစ်ဆာလောင်သူလေးရဲ့…
ဒုတိယမြောက်ချစ်ခြင်းဟာ…
ပကာသနမစွက်ဖက်…
သဘာဝသက်သက်နဲ့…
မာနကင်းစင်တဲ့ဖြူစင်လေးမှုပါပဲ။



မီးနှပ(စ)

www.burmeseclassic.com

www.burmeseclassic.com



## ❤ ဖြေကြည့်ပါ..ချစ်သူ

ချစ်သူကို...မေးချင်တယ်။
ဝေးနေတုန်းမှာအချစ်တွေဟာ...
ခိုင်မြဲပါရဲ့လား။
တို့မရှိတဲ့အခါနားလည်စွာ...
ယုံကြည်ပါရဲ့လား။
တွဲခဲ့လက်များပြုတ်မသွားဖို့...
စိတ်ကူးရှိရဲ့လား။
အခြေအနေဆိုးနဲ့ကြုံလာရင်...
ရင်ဆိုင်နိုင်ရဲ့လား။
ဖြေကြည့်ပါဦး...ချစ်သူ။





www.burmeseclassic.com

www.burmeseclassic.com



♥ နင်က . . မကြားနိုင်

လွမ်းချက်တွေက...
များသထက်များ။
ဖုန်းမလာစာမပို့...
စိမ်းကားလိုက်ပြီလား။
မျှော်သူကိုမသနား...
မုန်းမေ့လိုက်ပြီလား။
ငါ...အော်မေးလိုက်ချင်ပေမယ့်
**Chat**ပိတ်ထားတဲ့နင်က...
ဘယ်ကြားနိုင်ပါ့မလဲနော်။



စီးနဝ်ဖြိ

www.burmeseclassic.com

www.burmeseclassic.com



## သိမှသိပါလေစ

မသိလိုက်မသိဖာသာ...
တစ်စတစ်စတိုးဝင်လာ...
ငြိတွယ်တဲ့အချစ်နွယ်တွေ...
နှလုံးသားကိုရစ်ပတ်ချည်...
ဆွဲငင်လို့နေပါပြီကော။
ရှောင်တိမ်းလို့နောက်ဆုတ်...
ယိမ်းဖယ်ဖို့လုပ်နေချိန်မှာ...
ပိုဆိုး၍သာ...တိုးလာခဲ့ပါပြီ။
သူ...သိမှသိပါလေစ။



www.burmeseclassic.com

www.burmeseclassic.com



❤ ဒီလိုပဲ. .ပြောတတ်သေား

နီးနီးလေးနဲ့...ဝေးလို့သွားပြီ။
ဝေးဝေးသွားလို့...မနီးနိုင်ပြီ။
မဆုံနိုင်လို့ဆွေးနေကြရတဲ့...
ကိုယ်တို့နှစ်ယောက်ကြားမှာ...
လမ်းခွဲခြင်းဆိုတဲ့စကားလုံးကြီးကို...
ယောင်ပြီးတောင်မတွေးခဲ့ဘူးနော်။
ဘယ်လိုလဲ...ချစ်သူရယ်
"အချစ်စစ်မှန်ရင်ပြန်ဆုံမယ်" ဆိုတဲ့...
မျှော်လင့်ခြင်းစကားလုံးတစ်မျိုးကိုပဲ...
နှုတ်တိုက်ရွတ်ဆိုပြနေတော့မှာလား။



မီးနုဝါ(ဝ)

www.burmeseclassic.com

www.burmeseclassic.com



## ❤ အရာရာကျော်ဖြတ်ရဲတယ်

နွေနေပူအရိပ်မဲ့လို့...
ခရောင်းလမ်း...ဘယ်လိုကြမ်းကြမ်း၊
ဆောင်းညချမ်းနှင်းမြူလွှမ်း...
အအေးဓာတ်...ဘယ်လိုချမ်းချမ်း၊
လှိုင်းထန်တဲ့ပင်လယ်မှာ...
လေပြင်းဒဏ်...ဘယ်လိုရမ်းရမ်း၊
မင်းရဲ့အချစ်,သစ္စာနဲ့မေတ္တာပါရင်...
အရာရာအားလုံးပြည့်စုံငြိမ်းချမ်း...
လမ်းတိုင်းကို...ကျော်ဖြတ်ပြလိုက်မယ်။




www.burmeseclassic.com

www.burmeseclassic.com



❤ ညတိုင်း . . အိပ်မပျော်နိုင်

ဘေးနားမှာနင်မရှိပေမယ့်...
အချိန်တွေကပုံမှန်ပြောင်း...
ရာသီတွေက...ဟောင်းမသွားပါဘူး။
နင့်ရင်မှာငါမရှိပေမယ့်...
နာရီတွေကပုံမှန်ဟောင်း...
လွမ်းနိုင်ခွင့်က...ပြောင်းမသွားပါဘူး။
အဲဒါတွေကိုပဲ...
အချိန်ပြည့်စဉ်းစားနေ...
ငါလေ...ညတိုင်းအိပ်မရဘူးချစ်သူ။



မိုးနဂါး


www.burmeseclassic.com

www.burmeseclassic.com



❤ အမိန့်က . . ပြင်းထန်လွန်း

အရာရာအားလုံးဟာ...
နင့်သဘောနင့်ဆန္ဒမို့...
နင်လုပ်ချင်သလိုလုပ်တာ...
တားဆီးဖို့...ငါ့မှာခွင့်မပိုင်ပါဘူး။
ဒါပေမယ့်...ချစ်သူရယ်
ငါမြတ်နိုးရတဲ့နင့်မျက်နှာကို
မကြည့်ဘဲရှောင်လွှဲနေပါဆိုတဲ့...
နင်ချမှတ်လိုက်တဲ့အမိန့်စကား...
ငါ့နားတွေက လက်မခံနိုင်လို့...
ဆန့်ကျင်ဖို့...ငါဆုံးဖြတ်လိုက်ပြီ။





www.burmeseclassic.com

www.burmeseclassic.com



❤ ရင်ဘတ်ထဲက . . ချစ်ခြင်းမိုး

အချစ်ဆိုတာမျိုးက...
တောင့်တဖို့လွယ်သလောက်...
ပိုင်ဆိုင်ဖို့သိပ်ခဲယဉ်းတာ...
ရင်ဘတ်ထဲကချစ်ခြင်းမိုးတွေ...
တဖွဲဖွဲရွာလို့ထစ်ချုန်းချိန်၊
ရင်ခုန်သံတွေမခံနိုင်လို့...
ပွင့်အန်ထွက်လျှံကျချိန်၊
အဲဒီအချိန်မှ...သိခဲ့ရတယ်။
မဖြစ်နိုင်တာကိုကြိုးစားရယူချင်တာ
အချစ်စစ်ရဲ့စေခိုင်းမှုလား...ဟင်။



မိုးနုဝါဝါ

www.burmeseclassic.com

www.burmeseclassic.com



ကံတရားပါ ချစ်သူ

ချစ်သူရေ...
နှင့်ရဲ့လျှာဖျားလေးပေါ်က
အလိမ်အညာတွေအားလုံး...
နှလုံးသားနဲ့နှားထောင်ပြီး...
ဦးနှောက်နဲ့ယုံကြည်ပေးခဲ့တာ...
နှင့်ကို...သိပ်,သိပ်ချစ်လွန်းလို့ပေါ့။
ဒါတောင်...နှင်က
ငတုံး,ငအ သတ်မှတ်ချင်ရင်တော့...
အင်းလေ...ကံတရားပဲပေါ့ချစ်သူ။





www.burmeseclassic.com

www.burmeseclassic.com



❤ ထာဝရအတွက်ပါ . .

အနာဂတ်တွေလှပဖို့...
တို့ကြိုးစားနိုင်ခဲ့ပြီကွယ်။
အရာရာပြည့်စုံနေပေမယ့်...
လိုအပ်ချက်တစ်ခုကတော့...
သိပ်ချစ်ရတဲ့/သိပ်ချစ်ရမယ့်
အချစ်စစ်စစ်...ချစ်သူပါပဲ။
အေးချမ်းတဲ့မနက်ခင်းတွေ...
ချမ်းစိမ့်တဲ့ညနေချမ်းတွေ...
သက်သေပြုပြီး ချစ်ပြချင်တယ်။
ထာဝရအတွက်ပါ...လက်တွဲဖေါ်ရယ်။





www.burmeseclassic.com

www.burmeseclassic.com



## ထားရစ်ချင်လို့ . . ထားခဲ့မှတော့

အစိမ်းခြွေနဲ့ကြွေပျက်သွားမှ...
ကျေနပ်နိုင်မယ်ဆိုရင်လည်း...
မင်းသဘောအတိုင်းပါ...ချစ်သူ။
ထားရစ်ချင်လို့ ထားခဲ့မှတော့...
နေဖြစ်တဲ့နည်းနဲ့ နေရစ်မှာပါ။
ချစ်သူရယ်...
ကံကြမ္မာကိုအပြစ်တင်လို့...
လောကကြီးကိုအပြစ်မြင်လို့...
ကြံဖန်ငြူစူနေမိတာကလည်း...
ချစ်သူအပေါ် အပြစ်မမြင်ချင်လို့ပါ။





www.burmeseclassic.com

www.burmeseclassic.com



## အပြစ်လည်းမမြင်ချင်

နှင်ငါ့ကိုမုန်းပစ်လိုက်တာမှာ...
ငါကပဲ...နံ့ခဲ့အခဲ့တာလား။
ကံကပဲ...ဆိုးရွားခဲ့တာလား။
အဖြေရှာ...မရေရာလို့
ဘယ်သူ့ကိုမှ...အပြစ်မမြင်
ငါ့ကိုယ်ငါလည်း...အပြစ်မတင်
စောင့်ကြည့်ထားပါ...
အချစ်စစ်စစ်သစ်ပင်တစ်ပင်...
စိတ်တိုင်းကျ ငါစိုက်ပြတော့မယ်။



မီးနှစ်(စ)

www.burmeseclassic.com

www.burmeseclassic.com



ဝေး . . ဝေး . . ဝေး . .

ခဏလေးမြင်ရုံနဲ့ပဲ...
ခင်မင်စွဲလမ်းခဲ့ပါတယ်။
ဒါပေမဲ့လေ...
ရင်ခုန်သံဆုံ စကားကုန်အောင်...
မဖွင့်ဟနိုင်ခဲ့တာက တို့အပြစ်။
ဇာတ်သိမ်းပိုင်းမှာတော့...
တွယ်ရာမဲ့လို့ရွက်လွှင့်နေရှာတဲ့...
ပိုင်ရှင်မဲ့နလုံးသားလှေငယ်လေး...
မိုးကုပ်စက်ဝိုင်းမှာ...ဝေး...ဝေး...ဝေး။





www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို . . မေ့

နှလုံးသားကမျိုသိပ်ခံစား...
အဆွေးရသတွေအကြောင်း...
ချစ်သူရောက်လို့လာရင်...
ဟာသဝတ္ထုလေးတစ်ပုဒ်လို...
ရယ်မောပြီးပြောပြလိုက်ဖို့...
ကြိုတင်စိတ်ကူးထားပေမယ့်...
ချစ်သူကိုမြင်လိုက်ရချိန်...
ရင်ငွေ့နွေးလှုံချင်တဲ့စိတ်...
အတွေးရိုပ်လှောင်ပိတ်လို့...
ဟော...အားလုံးကိုမေ့သွားပြီ။





www.burmeseclassic.com

www.burmeseclassic.com



## နောင်တရခြင်းအကြောင်းရင်း

နင်အကြိုက်လိုက်...
နင့်သဘောဆောင်...
ယောင်လို့တောင်မငြင်း။
ငါ့ရဲ့...ချစ်ခင်ခြင်းတွေ၊
ငါ့ရဲ့...တွယ်တာမှုတွေ၊
ငါ့ရဲ့...တမ်းတမှုတွေ၊
ဒါတွေအားလုံးအတွက်...
တုန့်ပြန်ချက်လုံးဝမရှိခဲ့ကြောင်း...
နင်မုန်းလိုက်ပြီဆိုတဲ့နေ့မှ...
နောင်တကောင်းကောင်းရလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



❤ သိပ်ကြောက်တဲ့ . . အလွမ်း

တမ်းတခြင်းဆိုတာ...
"အလွမ်း"ဆိုရင်ဖြင့်...
ဖွင့်ပြောခွင့်မရှိတဲ့...
မိန်းကလေးဘဝတွက်...
မျှော်လင့်ချက်လည်း...
မထားချင်တော့ဘူး။
တိတ်တိတ်ကလေး...
တမ်းတချင်ပေမယ့်...
တိုးတိုးလေးငိုရမယ့်...
"အလွမ်း"ကိုကြောက်တယ်။



မီးနှစ်ဖြ

www.burmeseclassic.com

www.burmeseclassic.com



♥ လေတံခွန်လို နှလုံးသား

မင်းကိုချစ်တဲ့စိတ်...
ထိန်းချုပ်မရတော့တဲ့...
ငါ့ရဲ့နှလုံးသားအစုံ....
သွန်ထုတ်ပစ်ချင်တယ်။
မင်းက...ငါ့ကို
မချစ်နိုင်မှတော့...
နှလုံးသားလေးခမျာလည်း...
ကြိုးပြတ်တဲ့လေတံခွန်လို...
ဦးတည်ချက်မဲ့သွားပြီလေ။





www.burmeseclassic.com

www.burmeseclassic.com



## ခဏလေး ခွဲမနေနိုင်

ဖြေမရတဲ့သောက...
မင်းနဲ့ဝေးတဲ့ဘဝမှာ...
ခဏလေးပဲဖြစ်ဖြစ်...
မနေနိုင်ပါဘူးကွယ်။
ငြိမ်းအေးကြည်တဲ့...
မင်းရဲ့...စကားသံလေးတွေ၊
ချိုရွှင်မြူးတူးတဲ့...
မင်းရဲ့...အမူအရာလေးတွေ၊
ဒါလေးတွေ...ခံစားခွင့်မရမှာ
သိပ်သိပ်ကြောက်နေမိတယ်။



စိုးနဝါဓါ

www.burmeseclassic.com

www.burmeseclassic.com



## ယုံနိုင်ပြီမလား

သူနဲ့ဆုံတဲ့နေ့ရာတွေ...
သူ့ရဲ့သူငယ်ချင်းတွေ...
သူကြိုက်တဲ့ဂျာနယ်တွေ...
သူဝတ်တဲ့စတိုင်ရှပ်တွေ...
သူသောက်တဲ့လီမွန်တီး...
သူ့အကြောင်းတွေစဉ်းစားတိုင်း...
လွမ်းမျက်ရည်တွေ့တွေကျခဲ့တာ...
သူသိအောင်ဖွင့်ပြောပြ...
ယုံမှ ယုံပါ့မလားကွယ်။





www.burmeseclassic.com

www.burmeseclassic.com



## သော့ခတ်လို့သိမ်းထားမယ်

အိပ်မက်တွေမှာ...
တမ်းတမ်းတတ...
မျှိုသိပ်ကြေကွဲ...
ရင်ထဲဆို့နင့်...
မျှော်လင့်တဲ့ဇော...
ရင်တွေမောလို့...
နှလုံးသားထဲက...
အချစ်များစွာကို...
ရင်မှာ...သော့ခတ်သိမ်းလိုက်ပြီ။

BURMESE CLASSIC




www.burmeseclassic.com

www.burmeseclassic.com



## ချစ်ခြင်း၏ သစ်သီးတစ်လုံး

ချစ်သူရဲ့အနမ်းပွင့်တွေ...
နှလုံးသားကိုခြွေအချ...
ရင်ခုန်သံတွေလည်း...
ကမောက်ကမဖြစ်ရပြီ။
အချစ်ဆိုတာဟာ...
သစ်သီးတစ်လုံးသာဆို...
ချိုမြိန်တဲ့ချစ်ခြင်းရဲ့အရသာပေါ့။
အမုန်းဆိုတာဟာ...
ပဒိုင်းသီးတစ်လုံးသာဆို...
ခါးသီးခြင်းဟာ ချစ်အရသာပေါ့။





www.burmeseclassic.com

www.burmeseclassic.com



## သိပ်ကြောက်နေတဲ့ . . အထီးကျန်ခြင်း

ရက်လတွေဟောင်းနွမ်းလို့...
. နှစ်တွေကပြောင်းလဲလာ...
တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ...
မင်းခွဲခွာစွန့်လွှတ်သွားလို့...
တစ်ယောက်တည်းကျန်ရစ်။
အထီးကျန်အဖြစ်ဆိုးနဲ့...
အမှောင်ထုကမ္ဘာကြီးထဲမှာ...
လမ်းပြုကြယ်မဲ့နေတဲ့အဖြစ်မျိုး...
မင်းနဲ့ဝေးနေရမယ့်အဖြစ်ဆိုး...
တို့...သိပ်ကြောက်နေမိတယ်ချစ်သူ။



ဗိုးနုဂါဝါ


www.burmeseclassic.com

www.burmeseclassic.com



သင့်အတွက်..ထာဝရ

တည်ဆောက်မိသောစိတ်ကူးအိမ်...
သင်ထပ်ဝင်ခွင့် အသင့်ရှိအောင်...
ထာဝရ...ဖွင့်လှစ်ထားပါမည်။
ပုံဖော်မိသောအတွေးလွန်ကမ္ဘာ...
သင်ထပ်ဖျက်ခွင့် အသင့်ရှိအောင်...
ထာဝရ...ရေးဆွဲထားပါမည်။
ဝေဒနာပြည့်သောဒဏ်ရာအိမ်...
သင်ထပ်သတ်ခွင့် အသင့်ရှိအောင်
ထာဝရ...လှစ်ဟထားပါမည်။





www.burmeseclassic.com

www.burmeseclassic.com



## အပြုံးတစ်ခုရဲ့ရွှမ်းအား

ဆာလောင်နေတဲ့မိုက်ကို...
ခပ်သာသာဖိနှိပ်လိုက်ရင်း...
အသံတိုးတိုးညည်းညူနေမိ။
ဒီအချိန်ထိုခဏမှာပဲ...
ချစ်သူကိုအပြုံးတစ်ခုနဲ့...
မြင်တွေ့လိုက်ရတယ်။
အိုး...ဆာလောင်ခြင်းတွေများ
ဘယ်ဆီနားလွင့်ထွက်သွားပါလိမ့်။
ထူးဆန်းလိုက်ပါတဲ့...
အချစ်ရဲ့ရွှမ်းအား။



စီးနှစ်ခြစ်

www.burmeseclassic.com

www.burmeseclassic.com



ရှူးမြန်တာစေး

ရှိးသားတဲ့ခင်မင်မှုနဲ့...
ရင်းနှီးလာခဲ့ကြတဲ့...
တို့များနှလုံးသားမှာ...
ကိုယ်စီကိုယ်စီ...
ဝေဒနာလေးတွေ...
ငြိတွယ်နေကြပြီ။
ခင်မင်မှုဆိုတဲ့စည်းအပြင်ထွက်...
မရိုးသားတဲ့အချစ်နတ်ဝင်ပူး...
သူငယ်ချင်းရေ...
တို့...ရှူးများရှူးနေပြီလား။




www.burmeseclassic.com

www.burmeseclassic.com



## တံခါးပိတ်ထားသည်

အကြည့်နွေးလေးတွေ...
အပြုံးအေးလေးတွေနဲ့...
အကြိုလာထောက်ပေမယ့်...
ဒီရင်ခွင်ကမချစ်တတ်သေးလို့...
တံခါးခေတ္တ...ပိတ်ထားခွင့်ပြုပါ။
သစ္စာအချစ်ကိုနားလည်ချိန်...
မေတ္တာအစစ်နဲ့ချစ်တတ်ချိန်...
အဲဒီအချိန်မှ...
ချစ်သူလား ရင်ခွင်တံခါးက...
ဝင်သာလာ နားလည့်ပါတော့။



မီးနှစ်ဂြိ

www.burmeseclassic.com

www.burmeseclassic.com



## ဆုးထိမှ အဆိပ်ရှိမှန်းသိ

မှန်ရာကို...ဝန်ခံပါ့မယ်။
ကဗျာလည်းမဆန်ချင်ဘူး...
အရှုးအမူးနဲ့ စွဲလန်းခဲ့တာပါ။
မာယာတွေ၊ အထာတွေနဲ့...
ဘာညာတွေ လုံးဝမသိခဲ့ဘူး။
ဆူးထိမှအဆိပ်ရှိမှန်းသိတော့...
ကျားဆိုးရေ့ကသမင်ငယ်လို...
သခင်ရယ်...သနားပါလို့
တောင်းပန်ငိုယိုနေဖို့ထက်...
ဘာများ...တတ်နိုင်ဦးမှာလဲ။





www.burmeseclassic.com

www.burmeseclassic.com



❤ တောင်းပန်ပါတယ်..တောင်းပန်ပါတယ်..

ကိုးရီးယားရုပ်ရှင်ထဲကလို...
"တောင်းပန်ပါတယ်..."
အမြဲတမ်းဂရုစိုက်နေတဲ့...
အမြဲတမ်းအရိပ်ကြည့်နေတဲ့...
အမြဲတမ်းချစ်မြတ်နိုးနေတဲ့...
အမြဲတမ်းပေးဆပ်ချင်နေတဲ့...
တို့ရှင်ထဲကစေတနာတွေကို...
မင်းက အသိအမှတ်ပြုပေးပါ။
"ဘီယားနား(သ်)..."
"တောင်းပန်ပါတယ်..."





www.burmeseclassic.com

www.burmeseclassic.com



## ဘယ်လိုများ ဆက်ရှင်သန်

နားလည်မှုတွေလွဲမှား...
ချစ်ဖော်နဲ့ ကွဲသွားချိန်။
တို့တစ်ယောက်တည်း...
ဝမ်းနည်းမှုတွေပျော်ဝင်...
မျှော်လင့်ခြင်းများသေဆုံး...
မျက်ရည်ကြည်စိုစို့ရွဲလို့...
ခံစားချက် ကင်းမဲ့နေပြီ။
အထီးကျန်ခြင်းများစွာနဲ့...
သွေးလန့်နေရတဲ့ဘဝမှာ...
ဘယ်လို...ဆက်ရှင်သန်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



## ♥ အ၄ ပြောင်းရမလား

အဘိုးနဲ့အဘွားတုန်းက...
သုံးနှစ်နဲ့သုံးမိုးချစ်သူဘဝ။
အဖေနဲ့အမေတို့လက်ထက်...
သုံးလကြာခဲ့ချစ်သူဘဝ။
Chattingထဲကချစ်သူရေ...
မင်းလေးAccountပိတ်ထား...
သုံးရက်များတောင် ရှိသွားပြီ။
တို့မှာInvitedလုပ်ထား...
Accountတွေသိပ်များတာမို့...
အသစ်တစ်ယောက်ပြောင်းChatတော့မယ်။



မိုးနဂါးစု

www.burmeseclassic.com

www.burmeseclassic.com



❤ တိတ်တခိုးည

ရယ်သံကတီးတိုး...
အိမ်မက်တွေလှုပ်နှိုး...
ရင်ခုန်သံတွေလည်း...
နှစ်ကိုယ်တည်းကြားရှုံ။
ပန်းရောင်စုံပွင့်တဲ့...
ညကလေးတစ်ည။
အဲဒါဟာ...ချစ်ရသူနဲ့
တစ်လောကလုံးမသိအောင်...
တိတ်တိတ်လေးခိုးတွေ့တဲ့ည။



www.burmeseclassic.com

www.burmeseclassic.com



## အသက်ဆက်မျှော်လင့်ချက်

ရင်မှာမျှော်လင့်ချက်တွေ
အများကြီးမထားနဲ့တဲ့...
ပြောရက်လိုက်တာ...ချစ်သူရယ်။
မင်းမေ့များနေပြီလား...
လူတိုင်းလူတိုင်းဟာ...
မျှော်လင့်ချက်လေးတွေနဲ့ပဲ...
အသက်ဆက်ရှင်သန်နေတာပါ။
မင်းအချစ်ကိုရနိုင်ဖို့...
ပြန်ဆုံနိုင်ခွင့်လေးတစ်ခုဟာ...
တို့အသက်ဆက် မျှော်လင့်ချက်လေးပါ။



မီးနှဂဓြ


www.burmeseclassic.com

www.burmeseclassic.com



❤ မေတ္တာအကြောင်း

မေတ္တာဆိုတာက...
အလျားအနံမရှိပေမယ့်...
အသွားအပြန်တော့...
အသေအချာရှိပါတယ်သူငယ်ချင်း။
ရောင်ပြန်ဟပ်တဲ့မေတ္တာကို...
တို့တတွေမျှဝေခံစား...
ကြင်နာခြင်းများစွာနဲ့...
ကမ္ဘာတစ်ခုတည်ဆောက်...
ပျော်ရွှင်အောင်နေကြစို့သူငယ်ချင်း။



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သလိုလှပါပြီ

ငါ့ရဲ့အသည်းနှလုံးသားကို...
ခါးသီးလွန်းတဲ့နေရာမှာ...
အသုံးချလည်းကျေနပ်ပါတယ်။
ငါ့ရဲ့အချစ်များစွာကို...
မလိုအပ်ချိန်မှာလွှင့်ပစ်လည်း...
မဆိုင်းမတွပဲကြည်ဖြူပါတယ်။
မင်းသိအောင်ပြောပြမယ်...
ငါမွေးဖွားလာခဲ့တာက...
မင်းအနားမှာအမြဲရှိနေဖို့...
မင်းအတွက်ထာဝရပေးဆပ်ဖို့။



မီးနဝ်ဓါ

www.burmeseclassic.com

www.burmeseclassic.com

♥ ပန်းဆိုတာမျိုးက

ရှိုးတံနှယ်ပန်းတစ်ပွင့်လို...
ယုယစွာနမ်းရှိုက်ခံရပြီးမှ...
ရက်စက်စွာခြွေပစ်ခံရတဲ့...
ငါ့ဘဝအတွက်မှာ...
ပူဆွေးခြင်း၊ နာကျင်ခြင်းတွေနဲ့...
လွမ်းဆွတ်ခြင်း၊ သတိရခြင်းတွေ...
ဖြစ်နေတယ်လို့...မထင်လိုက်ပါနဲ့။
ကြွေကျလို့မြေခကြတဲ့...
ပန်းပွင့်ဖတ်တွေရဲ့သဘော...
ငါအစောကြီးတည်းကနားလည်တယ်။





www.burmeseclassic.com

www.burmeseclassic.com

❤ မယုံစားလား..

တစ်ရက်မတွေ့ရ...
တို့က...မနေနိုင်၊
ချစ်သူရေ...
**G.Mail**...လည်းရှိ၊
**G.Talk**...လည်းမိ၊
**P fingo**...လည်းသိ၊
ဘယ်ဘောက်ထိများ...
ဆက်ညှင်းဆဲထားမှာလဲ။
**Internet**ထဲကနေ...
ဆိတ်ဆွဲလိုက်ရမလား။



ဗိုးနှပ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



## အမှုန်းရှင်ရဲ့ မာနလက်နက်

အမုန်းတရားဆိုတဲ့...
အခါးသီးဆုံးကမ္ဘာထဲမှာ...
နာကျင်စွာနှိုးထရလို့...
ဘဝဆိုတဲ့ဟာကြီးက...
ပဲ့ကြွေအက်ကွဲသွားတတ်တယ်။
စိတ်မပူလိုက်ပါနဲ့...သူငယ်ချင်း။
ငါ့ရင်ထဲကမာနဆိုတဲ့...
ကိုယ်ပိုင်လက်နက်တစ်ခုတည်းနဲ့...
ငါပိုင်တဲ့ငါ့ကမ္ဘာကို...
ပြန်လည်ထုဆစ်ပြလိုက်မယ်။





www.burmeseclassic.com

www.burmeseclassic.com



♥ ဆက်ပြီး . . နားလည်ပေးနေမယ်

နလုံးသားတစ်ခုလုံးနဲ့...
ရင်းနှီးခဲ့ရတဲ့ချစ်ခြင်းကို...
မညာမတာနင်မို့လို့...
ဖျက်ဆီးလှည့်စားရက်တယ်။
ငါ့ရဲ့နားလည်ခြင်းများစွာ...
ခုတုံးလုပ်လို့အလွဲသုံး...
နင်ဖြုန်းချင်တိုင်းသုံးနေပေမယ့်...
ငါကတော့ထုံးစံအတိုင်း...
နင့်ကို...နားလည်ပေးတုန်းပါပဲ။



စိုးနုမြစံ

www.burmeseclassic.com

www.burmeseclassic.com



အပူငွေ့တို့လောင်ကျွမ်း...
မျက်ရည်တွေခြောက်ခမ်းလည်း...
တစ်ခြမ်းတည်းကျန်ရှိသော...
အသည်းနှလုံးလေးကတော့...
မြဲစွာချစ်မယ့်သစ္စာရယ်ပေါ့။
တစ်ကိုယ့်တစ်ယောက်တည်း...
တိုးတိတ်တိုးတိတ်ရွတ်ဆို...
လမင်းပျို့နဲ့ကြယ်စင်များစွာကို...
သက်သေတိုင်တည်ထားလို့ပေါ့။





www.burmeseclassic.com

www.burmeseclassic.com



♥ အချစ်လက်သီးပုန်းလေး

ခင်မင်မှုဆိုတဲ့လက်နက်ပုန်း...
ချစ်ခြင်းဆိုတဲ့လက်နက်ပုန်း...
ကံကြမ္မာဆိုတဲ့လက်နက်ပုန်း...
ရှောင်ချိန်မရ၊ တိမ်းချိန်မရ၊
ပုန်းချိန်မရ အံ့အားသင့်နေတုန်း...
အချစ်ဆိုတဲ့လက်သီးပုန်းတစ်ချက်...
ရက်ရက်စက်စက်ရင်ဝကိုထိမှန်...
ဩော်...နောက်ဆုံးမှာငါပဲ
ပြိုယိုင်လဲလို့ခွေကျခဲ့ရပြီ။






www.burmeseclassic.com

www.burmeseclassic.com



## ချစ်သူများရဲ့နေဝင်ချိန်

လွမ်းတယ်...အချစ်ရယ်။
ပြီးဆုံးခဲ့ရတဲ့ဇာတ်လမ်းမှာ...
မေ့မရနိုင်တဲ့ညနေခင်းတွေ...
အများကြီး ရှိနေခဲ့တာပဲ။
ချစ်တဲ့သူရဲ့ရင်ခွင်မှာ...
နေဝင်ချိန်ကိုမျှော်ငေးရင်း...
အလွမ်းအဆွေးကင်းကင်းနဲ့...
အားလုံးကို မေ့နေခဲ့မိတယ်။
တို့အချစ်ရဲ့...နေဝင်ချိန်ကိုလေ။



www.burmeseclassic.com

www.burmeseclassic.com



❤ ဆုတောင်းချင်တာက . .

မန်ယူအသင်း...
ရှုံးချင်လည်း...ရှုံးပါစေ။
ဘရစ်တနီစပီးယား...
သွားချင်ရာ...သွားပါစေ။
စိုင်းစိုင်းခမ်းလှိုင်လည်း...
ဆိုချင်တာ...ဆိုပါစေ။
ဘာကိုမှစိတ်မဝင်စား...
မင်းလေးနဲ့ဆက်သွယ်ချိန်...
**Internetဆိုင်မှာConnection**
ကောင်းနေဖို့ပဲ ဆုတောင်းတယ်။





www.burmeseclassic.com

www.burmeseclassic.com



## ကြိုညှိလို့များ ကြိုပြောထားခဲ့တာလား

"အတိတ်ဆိုတာဟာ
ပြန်လည်တမ်းတစရာ" ဆိုတဲ့...
သူပြောဖူးခဲ့တဲ့စကားတစ်ခွန်း...
အမှတ်တရဖြစ်စရာမို့...
ရင်ထဲမှာ...ခုထိရှင်သန်တယ်။
ခုလိုဝေးကွာသွားကြချိန်မှာ...
အတိတ်ဆိုတဲ့အရသာကို...
ပြန်လည်တူးဆွမိအောင်များ...
တမင်သက်သက်စိတ်ထားနဲ့...
ကြိုတင်ပြောခဲ့တာလားကွယ်။





www.burmeseclassic.com

www.burmeseclassic.com



## သူငယ်ချင်းလေးရေ . .

မပြင်ရတဲ့သံယောဇဉ်များ...
တစ်ခါတလေပိုကဲသွားလို့...
အဆုံးစွန်ခင်မင်ခြင်းများနဲ့...
အချစ်များစွာပိုလာတတ်တာ...
သိပ်ချစ်ရတဲ့သူငယ်ချင်းမင်းနဲ့...
ခွဲခွာရမှ ကိုယ်တွေ့ကြုံတယ်။
ဘယ်တုန်းကမှ မကြားခဲ့ဘူးတဲ့...
ရင်ခုန်သံတွေစီစီညံနေလို့...
သူငယ်ချင်းရေ...
ခဏလောက်ပြန်လာခဲ့ဦးနော်။



မီးနဂါဂါ

www.burmeseclassic.com

www.burmeseclassic.com



♥ ပြောချင်သလိုပြောပါ

ကြားနိုင်ခွင့်ရရင်...
မင်းပြောလာမယ့်...
စကားသံလေးကို...
နားထောင်ချင်သေးတယ်။
အနေဝေးကြပေမယ့်...
သစ္စာစကားဖြစ်ဖြစ်...
မုသားစကားဖြစ်ဖြစ်...
အလွမ်းပြေအဖြစ်နဲ့...
နားထောင်လိုက်ချင်တယ်။






www.burmeseclassic.com

www.burmeseclassic.com



## အချေကြာင်ကြောင်မဖြစ်ချင်

မျှဉ်းပြိုင်ဖြစ်နေတဲ့ဘဝလမ်းမှာ...
ဆုံနိုင်ခွင့်ဆိုတာလေးတစ်ခုအတွက်...
အူကြောင်ကြောင်မမျှော်လင့်ချင်ဘူး။
နင့်ကိုလည်း...မလွမ်းစေချင်၊
ငါ့ကိုယ်လည်း...မကျွမ်းစေချင်၊
နီးလျက်နဲ့ဝေးတာထက်စာရင်
ဝေးလျက်နဲ့လွမ်းနေကြတာက...
ပိုပြီး,ပိုပြီး...ခံသာမယ်ထင်လို့
မင်းနဲ့အဝေးဆုံးကိုထွက်သွားမယ်။



မီးနှပ[၆]


www.burmeseclassic.com

www.burmeseclassic.com



## ❤ ကျေနပ်နိုင်ခဲ့ပြီ

အချစ်ဆိုတာထက်...
မေတ္တာတရားက...
ပိုအေးမြပါတယ်။
ဒါကြောင့်...
အချစ်တွေရဖို့မလို...
မေတ္တာတွေကိုပဲ...
ဖြန်းဝေလွှမ်းမိုးလို့....
မေတ္တာကိုပဲပြန်ရခဲ့ရင်...
ကျေနပ်လိုက်နိုင်ပါရဲ့။





www.burmeseclassic.com

www.burmeseclassic.com



## သူမပြုံးပြနေပြီ

မပြောဘဲသိနိုင်တဲ့...
ဘာသာစကားတစ်ခု...
မျှော်လင့်နေမိတဲ့...
ကောင်မလေးမင်းရဲ့...
မျက်ဝန်းတွေထဲမှာ...
မြင်လိုက်မိတဲ့အချိန်...
ရင်ခုန်သံတွေ...တဒိန်းဒိန်း၊
မျှော်လင့်ချက်တွေ...ပြည့်လျှံ
အိုလေ...သူမပြုံးပြနေပါလား။



ဝိုးနုစံ၊စံ


www.burmeseclassic.com

www.burmeseclassic.com



## လက်တွဲတော့ မဖြုတ်စေချင်

ချစ်သူရေ...
ပျော်ရွှင်စရာကြုံလည်း...
အနားမှာမျှဝေခံစား...
ပျော်စရာကမ္ဘာသားဖြစ်ရမယ်။
ဝမ်းနည်းစရာကြုံလည်း...
အတူတူရင်ဆိုင်ထား...
အလွမ်းကမ္ဘာလူသားဖြစ်ရမယ်။
တစ်ခုတော့...တောင်းဆိုပါရစေ။
ဘယ်လိုအဖြစ်တွေပဲကြုံကြုံ...
လက်တွဲတော့ မဖြုတ်လိုက်ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



အချစ်က . . ဒီလိုမျိုးလား

အမှတ်မထင်တဲ့...
ဖြစ်ပျက်မှုလေးကြောင့်...
သူနဲ့စဆုံခဲ့ချိန်ကပေါ့။
တသသနဲ့ရင်တွေခုန်...
ယောင်ယောင်မှားမှားနဲ့...
လက်ဖျားတွေအေးစက်...
တောက်စားတဲ့သူ့အပြုံးကို...
ရှောင်ဖယ်ဖို့လည်းမဝံ့မရဲ။
ဪ...အချစ်ဆိုတာက
ဒီလိုမျိုးပဲ ထင်ပါရဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com



## အပြန်အလှန်အချစ်

ချစ်သူရဲ့နှလုံးသားမှာ...
တို့ကိုယ်တိုင်ဖွဲ့ဆိုထားတဲ့...
ကဗျာလုလုလေးတွေရှိတယ်။
တို့ရဲ့ရင်ခွင်နွေးနွေးမှာ...
ချစ်သူကပေးအပ်ထားတဲ့...
လမင်းအေးအေးလေးရှိတယ်။
တို့နှစ်ယောက်မျက်ဝန်းမှာ...
အပြန်အလှန်ပေးအပ်ထား...
အကြင်နာများစွာရှိတယ်။



www.burmeseclassic.com



❤ မှန်းမိမှာစိုး

တို့ကမင်းကို…
မမုန်းချင်ပါဘူး။
တောင်းပန်ပါတယ်။
မင်းရဲ့အတ္တတွေနဲ့…
တို့နှလုံးသားလေးကို…
ဖိအားမပေးလာပါနဲ့။
မွန်းကျပ်လို့ပေါက်ကွဲ…
မင်းကိုမုန်းလိုက်မိမှာပဲ…
သိပ်သိပ်ကြောက်နေမိလို့ပါ။





www.burmeseclassic.com

www.burmeseclassic.com



❤ နေရောင်ခြည်း..မင်းအမိန့်

မင်း...လုပ်ချင်သလိုလုပ်၊
မင်း...ထားချင်သလိုထား၊
မင်း...ဆက်သွယ်ချင်မှဆက်၊
မင်း...လာနိုင်းမှလာမယ်၊
တို့ဟာလေ...မင်းရဲ့
အဖြည့်ခံလူသားတစ်ဦး၊
တို့ဘဝကာ...မင်းရဲ့
လက်ပါးစေကြီးတစ်ဦး၊
ဖြစ်ပြီးရင်း...ဖြစ်နေပါပေါ့လား။






www.burmeseclassic.com

www.burmeseclassic.com



## ❤ အသည်းကွဲမီးတောက်

မီးလောင်နေတဲ့...
သစ်သားတုံးကို...
ရေနဲ့ငြိမ်းသတ်တယ်။
ကျွမ်းလောင်နေတဲ့...
တို့ရဲ့အသည်းတွက်...
ဘာတွေနဲ့ငြိမ်းမလဲ...
ဘယ်လိုများငြိမ်းမလဲ...
အဖြေရှာခက်လွန်းတဲ့...
ပုစ္ဆာတစ်ပုဒ်ပါလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## သူငယ်ချင်းအဖြစ်ပဲကောင်းပါတယ်

အမြတ်နိုးဆုံးသူတစ်ယောက်...
ရင်ထဲမှာခိုအောင်းနေပေမယ့်...
မိန်းကလေးတစ်ယောက်ရဲ့ဘဝ
ချစ်တာကို...ဖွင့်ပြောခွင့်မရှိ၊
မေတ္တာကို...လှစ်ဟခွင့်မရှိ၊
ရင်ထဲမှာရှိသမျှအားလုံး...
သိမ်းဆည်းထားရတဲ့ဘဝမို့
သခင်ရေ...
သူငယ်ချင်းတွေအဖြစ်နဲ့ပဲ...
ဆက်ပြီး ရှိနေကြပါစို့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## အချစ်တု

ရင်ထဲမှာတမြတ်တနိုးနဲ့...
ချစ်ခဲ့ရတဲ့အချစ်တစ်ခု...
ထာဝရပေးဆပ်ဖို့တွက်...
အကြိမ်ကြိမ်အထပ်ထပ်...
ပြန်ဆန်းစစ်ခဲ့မိတာကို...
အပြစ်လို့ဆိုချင်သလား။
အတုအယောင်ပေါ်တဲ့ကာလ...
“အချစ်"ဆိုတဲ့အရာမှာလည်း...
“အတု"တွေကအမြဲရှိတယ်လေ။



စိုးနုဖြဖြ


www.burmeseclassic.com

www.burmeseclassic.com



## မခင်ချစ်တော့စူး မိုးရေသီရယ်

ချစ်သူကိုအဝေးကလွှမ်းရှုံ့ဖွဲ့လို့...
ဘာမှမတတ်နိုင်တော့တဲ့အခါ။
ကြေကွဲခြင်းရင်မှာများစွာနဲ့...
မိုးရေစက်တွေကိုငေးမောရင်း...
အတိတ်ဟောင်းရဲ့ပုံရိပ်များစွာ...
တရိပ်ရိပ်မြင်ယောင်လာတယ်။
မနှင်းချင်ပေမယ့်အားနာတယ်...
ဖော်မဲ့အလွှမ်းတွေမဖြေသာလို့...
မိုးရာသီလေးရယ်...
ဝေးဝေးကို   အမြန်သာသွားပါတော့။





www.burmeseclassic.com

www.burmeseclassic.com



## ထာဝရချစ်ကဗျာ

မခြွေရက်ဘူး...
ခြေလက်တုန်ယင်...
ခုံမင်မဲ့ကင်း...
ချစ်ခြင်းသစ္စာ...
မေတ္တာဖြူဖွေး...
မြက်နိုးတေးသီ...
ယုံကြည်ပါနော်။
ချစ်တဲ့သူရယ်...
ထာဝရတွက်ပေါ့။



မီးနုစံရ

www.burmeseclassic.com

www.burmeseclassic.com



## ❤ အချစ်အဲဒါ. .အဲဒါအချစ်

ချစ်ခြင်းဆိုတဲ့အရသာ...
အမှန်အကန်သိခွင့်ရလို့...
ဝမ်းနည်းခံစားရင်းနဲ့ပဲ...
ကျေနပ်စွာပြုံးမိတယ်။
ခါးသီးလိုက်တာ...အဲဒါအချစ်၊
မုန်းတီးလိုက်တာ...အဲဒါအချစ်၊
ချိုမြိန်လိုက်တာ...အဲဒါအချစ်၊
ရက်စက်လိုက်တာ...အဲဒါအချစ်၊
ကြင်နာလိုက်တာ...အဲဒါအချစ်၊
အချစ်အဲဒါ...အဲဒါအချစ်။



## ရက်စက်ခြင်းနဲ့ဟန်ဆောင်ခြင်း

ချစ်သူဆီကနားလည်မှု...
ချစ်သူပေးတဲ့အကြင်နာ...
ဆောင်းကာလအစမှာ...
အံ့ဩစွာရရှိခဲ့ပေမယ့်...
ဆောင်းရဲ့တစ်ညမှာပဲ...
ခါးသီးစွာဆုံးရှုံးသွားပြီ။
အေးစိမ့်တဲ့အချိန်ကာလမှာ...
အေးစက်စက်စကားတစ်လုံး...
ရက်စက်တတ်လိုက်တာနော်။
"ဟန်ဆောင်ပြီးချစ်ခဲ့တာ" တဲ့။



မီးနုဖြဖြ

www.burmeseclassic.com



## ❤ အရှုးအမူးမျှော်လင့်

တမ်းတဝေဒနာ...
ကြေကြာခွင့်မရှိ...
ရင်ထဲမျိုသိပ်...
ရိပ်မိသွားနိုး...
စိုးထင့်ရပြန်...
သခင့်ထံမှ...
ဝေဒနာတွေ...
ဖြစ်နေပါစေ...
အရူးအမူးပဲ...
မျှော်လင့်နေမယ်။





www.burmeseclassic.com

www.burmeseclassic.com



## မချစ်တတ်သူမဟုတ်ခဲ့ကြောင်း

မမေ့ရက်ခဲ့ပါ...
ဝေးသွားမှငိုချင်...
ရင်အသည်းနှစ်ထိ...
ပိုချစ်၍ပိုလွမ်း...
ရင်နွမ်း၍လှိုက်ဆူ...
ဝေဒနာအပူမှာ...
မပြေသာတော့ဘူး။
တစ်ခုတော့သိသွားပါ...
ရင်နာနာဝေးခဲ့ကြအဖြစ်...
မချစ်တတ်သူမဟုတ်ခဲ့ကြောင်း။



မီးနုမိ(မိ)

www.burmeseclassic.com



❤ အပိုဆုက . . အလွမ်း

ဟန်ဆောင်မှုအတွက်...
လောကဇာတ်ဆရာက...
ဆုအဖြစ်ဂုဏ်ပြုပေးတဲ့...
မာနနဲ့သိက္ခာတွေရရှိခဲ့ပြီ။
ချစ်ရတဲ့ချစ်သူကတော့...
ခွဲခွာခြင်းဆိုတာနဲ့အတူ...
အပိုဆုအလွမ်းများစွာနဲ့...
တို့အတွက်...
ပြစ်ဒဏ်ချသွားခဲ့လေရဲ့။





www.burmeseclassic.com

www.burmeseclassic.com



## တိုးတိတ်လွမ်းခွင့်

ထာဝရအတွက်...
ရင်ထဲကာင်ကြွေး...
အလွမ်းတေးတွေနဲ့...
တိတ်ဆိပ်စွာနာကျင်...
ကြေကွဲလို့မှိုင်းဝေရင်း...
တို့များရင်တစ်ခုလုံး...
ပျက်ကြွေလို့ပြုန်းပါပြီ။
အဝေးဆုံးကာပဲ...
ဝေဒနာများစွာကို...
တိုးတိတ်လွမ်းခွင့်ပြုပါတော့။





www.burmeseclassic.com

www.burmeseclassic.com



## ❤ ရင်ထဲမှာ . .

နွေးထွေးအားပေး...
မင်းအသံလေးကို...
တငြိမ့်ငြိမ့်ရင်ခုန်...
ကိုယ့်အသိအာရုံမှာ...
အေးစက်မှုပြည့်နက်...
ကာရံပျက်တဲ့မနက်မှာ...
နှင်းစက်တွေမျှော်ငေး...
မင်းအပြုံးတွေမှန်းဆ...
ဆွေးတသသနဲ့ပဲ...
ငါ့ရဲ့ရင်ထဲမှာ...။



www.burmeseclassic.com

www.burmeseclassic.com



## အနာဂတ်ရဲ့ချစ်ခြင်း

နှလုံးသားတေးသံ...
ငြိမ့်ငြိမ့်လေးစီးဆင်း...
တုန့်ပြန်ခြင်းအဖြစ်...
ငှက်လေးတွေဦးညွှတ်...
အနာဂတ်ပန်းခင်းက...
အရောင်အသွေးစုံလင်...
ဖူးပွင့်လို့နေကြတယ်။
ရင်တွင်းကိုယ်စီမှာလည်း...
ကြည်နူးခြင်းတွေအပြည့်...
အဲဒါ...ချစ်ခြင်းရဲ့ကဗျာ။



မီးနဂါ

www.burmeseclassic.com

www.burmeseclassic.com



♥ မရှိပါဘူးလား

ကဗျာမဆန်လက်အစုံနဲ့...
ဘဝလက်တွဲဖော်ကို...
ဆွဲငင်ခေါ်ချင်နေသူပါ။
မှိန်ဖျော့တဲ့မျက်ဝန်းအစုံနဲ့...
ချစ်သူမင်းလေးကို...
ငေးမောကြည့်နေချင်သူပါ။
ဒီလိုဝေဒနာတွေခံစား...
ချစ်ဒုက္ခသည်အကြောင်း...
တစေ့တစောင်းလေးတောင်...
မင်းမသိဘူးလားကွယ်။





www.burmeseclassic.com

www.burmeseclassic.com



❤ ကယ်တော်မူကြပါ

ချစ်တတ်လာအောင်...
သင်ပေးခဲ့တာ...မင်း။
မုန်းတတ်သွားဖို့...
ညွှန်ပြခဲ့တာ...မင်း။
အခုတစ်ခါ...
အချစ်၊အမုန်းကင်းမဲ့ငံ့...
ကိုယ်ပိုင်ကမ္ဘာတစ်ခုနဲ့...
နေတတ်ဖို့သင်ပေးနေပြန်ပြီ။
ဗီးနပ်(စ်)ရေ...
ကယ်တော်မူပါဦး။



ဗီးနပ်(စ်)

www.burmeseclassic.com

www.burmeseclassic.com



❤ စတေးခဲ့တဲ့အချစ်

ချစ်ခဲ့ဖူးတယ်...
အသက်တမျှ...
နှလုံးသားနဲ့ပေါ့။
မယုဉ်သာထား...
ဂုဏ်မနေတွေကြား...
အသိုင်းအဝိုင်းအင်အား...
အစဉ်အလာများကြောင့်...
ရင်နာစွာအရှုံးပေးခဲ့ရသူပါ။
မှတ်ထားနော်...
ချစ်လျှက်နဲ့ စတေးခဲ့တာပါ။





www.burmeseclassic.com

www.burmeseclassic.com



❤ ရင်ခုန်သံတစ်မျိုး

မင်းစာတ်ပုံလေးကို...
လွမ်းမောတမ်းတ...
ငုံ့ကြည့်လိုက်ချိန်။
တို့နှလုံးသားမှာ...
ဒိတ်ခနဲခုန်သံ...
မယုံနိုင်စရာလို...
ပြန်ကြားနေရတယ်။
အချစ်ဆိုတာက...
ရင်ခုန်သံတစ်မျိုးလား။



စိုးနုစံစံ

www.burmeseclassic.com

www.burmeseclassic.com



ပျံ့သန်းသွားပေါ့..ငှက်ကလေး

ငါလိုသစ်ခြောက်ပင်အိုထက်...
ခဏတာဝင်နားခိုရက်တဲ့...
အချစ်ငှက်ငယ်ကလေးရေ။
မင်းကတော့လွတ်လပ်စွာ...
ခြေစုံကန်လို့ပျံ့သန်းသွား။
လှုပ်ခါလို့ကျန်ရစ်ခဲ့ရှာတဲ့...
သစ်ကိုင်းခက်လေးမှာတော့...
တစ်သက်တာငြိမ်သက်ဖို့...
ဘယ်လိုမှမဖြစ်နိုင်တော့ဘူးပေါ့။




www.burmeseclassic.com



## အချစ်ရူးရဲ့အလွမ်း

ကောင်းကင်မှာကြယ်မစုံ...
တိမ်လွှာရုံမိုးသားတွေနဲ့...
ကွေးနေတဲ့လကလေး...
မြုပ်လိုက်ပေါ်လိုက်ပေါ့။
ကြယ်မှုံတွေကလည်း...
အထီးကျန်တောက်ပလို့။
တစ်လောက၊ တစ်ကမ္ဘာလုံး...
အချစ်ရူးသွားတဲ့ငါ့ကို...
လှောင်ပြောင်နေကြပြီလား။



မီးနုဖြဖြ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ . . ဂရုမစိုက်နိုင်

ငါလေ နင့်လို...
ချစ်ရတဲ့သူဆီက...
လိုချင်တာမှန်သမျှ...
ပြုံးပြုံးလေးနဲ့...
အရယူပြမယ်။
ဘယ်သူတွေကငါ့ကို...
ဘယ်လိုပဲအပြစ်ဆိုဆို...
အချစ်စစ်စစ်ချစ်သူမို့...
ဘာကိုမှဂရုမစိုက်ဘူး။

BURMESE CLASSIC





www.burmeseclassic.com

www.burmeseclassic.com



မှတ်မိရဲ့လားကွယ်

ချစ်သူ...
မမြင်ရတာအချိန်တွေကြာလို့...
လစ်ပျောနေတဲ့တို့ရင်ခွင်ကို...
မင်းလေး...မမှတ်မိနိုင်တော့ဘူးပေါ့။
အရှုးအမူးတွယ်ငြိခဲ့သူမို့...
မူယာမာယာတွေလည်းမလုပ်နိုင်...
အရိုးခံအတိုင်း အကြင်နာတွေပုံပေး...
နွေးနွေးထွေးထွေးဆက်ဆံမိခဲ့တာက...
တို့ကို...အထင်သေးစရာဖြစ်နေပြီလား။




မီးနှစ်(စ)

www.burmeseclassic.com

www.burmeseclassic.com



❤ မင်းရဲ့အသံလေးက . .

မေးစက်မရ...
အလွမ်းသင့်ည...
ကြယ်တွေကိုမော့ငေး...
မျက်ဝန်းတွေတမ်းတ...
နွမ်းလျှတဲ့ရင်ခွင်မှာ...
ရက်စက်ခြင်းဓားသွားထက်...
အထီးကျန်ပျားရည်စက်ကို...
မက်မက်မောမောစားသုံး...
အပျော်တွေပျောက်ဆုံးလည်း...
မင်းအသံလေးက...နှလုံးသားမှာ။

